大学缅语专业用书

# 缅甸语学导论

（上册）

*AN INTRODUCTION TO MYANMAR LINGUISTICS*

解放军外国语学院第四系
1997年·洛阳

# 缅甸语学导论

## 目　录

### （一）缅语概述部分

ရန်ကုန်တက္ကသိုလ်မြန်မာစာဌာန မောင်ခင်မင်ပြုစုသည်


序言 * * * * * * * * * * * * * * * * * * * * * * * * * ၁

第一章　语言的分类与缅语 * * * * * * * * * * * * * * * ၅

第二章　缅语元音 * * * * * * * * * * * * * * * * * * * ၂၂

第三章　缅语辅音 * * * * * * * * * * * * * * * * * * ၃၈

第四章　缅语的语调 * * * * * * * * * * * * * * * * * ၅၄

第五章　缅语的音位系统 * * * * * * * * * * * * * * * * ၅၆

第六章　缅语的语音变化 * * * * * * * * * * * * * * * ၆၅

第七章　缅语词的构成 * * * * * * * * * * * * * * * * ၈၄

第八章　缅语句子的构成 * * * * * * * * * * * * * * * ၁၀၂

第九章　缅语的词义 * * * * * * * * * * * * * * * * * ၁၁၆

第十章　缅语的语音与语义 * * * * * * * * * * * * * * ၁၃၄

第十一章　缅语的方言 * * * * * * * * * * * * * * * * ၁၄၄

第十二章　缅语字母 * * * * * * * * * * * * * * * * * * ၁၅၁

第十三章　缅文的书写体系 * * * * * * * * * * * * * * ၁၇၁

第十四章　缅语词汇的发展 * * * * * * * * * * * * * * ၁၉၄

第十五章　缅语的历史演变 * * * * * * * * * * * * * * ၂၀၉

第十六章　世界所认知的缅语 * * * * * * * * * * * * * ၂၂၂

## （二）语言学概述部分

### မြန်မာဘာသာအနှံ့ကမြုဝုသည်


第一章　缅语语音学＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊ ၂၄၀

第一节　语音及其分类＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊ ၂၄၀

第二节　辅音＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊ ၂၄၂

辅音的形成　辅音的数量　အ 的双重性

第三节　元音＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊ ၂၅၃

元音的形成　元音的数量　元音的分类

第四节　音位的构成＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊ ၂၆၀

第五节　语音变化＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊ ၂၆၅

第二章　缅语词法＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊ ၂၉၄

第一节　缅语词素＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊ ၂၉၅

第二节　虚词和实词＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊ ၂၉၆

第三节　缅语的词＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊ ၂၉၈

第四节　词的四种类型＊＊＊＊＊＊＊＊＊＊＊＊＊＊＊ ၂၉၈

单纯词　合成词　转化词　成分词

第三章　缅语句法学＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊ ၃၂၁

第一节　句子＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊ ၃၂၁

第二节　单句的构成及其意义＊＊＊＊＊＊＊＊＊＊＊＊ ၃၂၉

第三节　复句＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊ ၃၃၀

第四节　从句和主句＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊＊ ၃၃၀

第五节　简单复句成分分析＊＊＊＊＊＊＊＊＊＊＊＊＊＊ ၃၃၆

第六节　从句的三种类型＊＊＊＊＊＊＊＊＊＊＊＊＊＊＊ ၃၄၄

名词从句　定语从句　状语从句
第七节　简单复句的基本特征…………[illegible]
第八节　多层复句的成分分析…………[illegible]
第九节　多层复句的基本特征…………[illegible]

# အပိုင်း - ၁၊ စကားသံ

- ဤအပိုင်းတွင်မြန်မာဘာသာစကား၏စကားသံနှင့်ပတ်သက်၍ သိသင့်သိထိုက်သောအခြေခံအချက်အလက်များကိုအကျဉ်းမျှဖော်ပြ ထားသည်။
- ယင်းသို့ဖော်ပြရာတွင်အခြေခံပညာအလယ်တန်း၊ အခြေခံပညာ အထက်တန်းတို့၌ ဖော်ပြခဲ့ပြီး သောအချက်အလက်များကိုအကျဉ်း အားဖြင့်ပြန်လည်စုစည်း ဖော်ပြရုံမျှမက တက္ကသိုလ်အဆင့်နှင့် သင့်လျော်မည့်အချက်အလက်အချို့ကိုလည်း ဖြည့်စွက် ဖော်ပြထား သည်။
- အသံနှင့်စကားသံတို့၏အခြေခံသဘော၊ ဗျည်းသရတို့၏အဓိပ္ပာယ်၊ အရေအတွက်၊ အမျိုးအမည်၊ ဗျည်းသရတို့ပေါင်းစပ်၍စကားသံဖွဲ့ပုံ ပြောဆိုရွတ်ဖတ်ရာ၌စကားသံပြောင်းလဲတတ်ပုံတို့ကိုသာဓက များဖြင့်ရှင်းလင်း ဖော်ပြထားသည်။
- ဤအပိုင်းကိုလေ့လာခြင်းဖြင့်မြန်မာဘာသာစကား၏စကားသံ စနစ်ကိုအကြမ်းဖျင်းသိရှိနိုင်သည်။

၁။ အသံ။ ။ နားဖြင့်ကြားသမျှကိုအသံဟုခေါ်သည်။

၂။ အသံသည် ဥတု ကြောင့်လည်း ဖြစ်သည်။ စိတ် ကြောင့်လည်း ဖြစ်သည်။

လေသံ၊ မိုးသံ၊ လှိုင်းသံ၊ စမ်းရေစီးသံစသည်တို့သည် ဥတုကို အကြောင်းပြု၍ ပေါ်ထွက်လာသော အသံများ ဖြစ်ကြသည်။

စကားသံ၊ ဆိုင်းသံ၊ ဗုံသံ၊ ကြေးစည်သံစသည်တို့သည် စိတ်၏ လှုံ့ဆော်မှုနှင့်လူ့အားထုတ်မှုကိုအကြောင်းပြု၍ ပေါ်ထွက်လာသည့် အသံများ ဖြစ်ကြသည်။

၃။ လူ့နှုတ်မှထွက်၍လူအချင်းချင်း အပြန်အလှန်ဆက်သွယ်နိုင်သော အနက်အဓိပ္ပာယ်ရှိသည့်အသံကို စကားသံဟု ခေါ်သည်။

၄။ စကားသံ၏အဓိကလက္ခဏာ (၃) ရပ်မှာ –

(က) လူ့နှုတ်ထွက်သံဖြစ်ခြင်း

(ခ) လူအချင်းချင်း အပြန်အလှန်ဆက်သွယ်နိုင်ခြင်း

(ဂ) အနက်အဓိပ္ပာယ်ရှိခြင်း တို့ဖြစ်ကြသည်။

၅။ စကားသံ (၂) မျိုး ။ ။ ဖြစ်ပေါ်ပုံကိုအခြေခံ၍ စကားသံများကိုအမျိုးအစားခွဲလျှင် (၂) မျိုး ရသည်။ ၄င်းတို့မှာ –

(က) ဗျည်းသံ

(ခ) သရသံတို့ဖြစ်ကြသည်။

၆။ ဗျည်း သံ။ ။အဆုတ်မှတက်လာ သော လေသည်ခံထွင်း ရှိစကား

သံဖြစ်အင်္ဂါအစိတ်အပိုင်း (နှုတ်ခမ်း ၊ သွား ၊ လျှာ ၊ အာခေါင်မာ ၊

အာခေါင်ပျော့) တစ်ခုခု၏ ပိတ်ဆို့တား ဆီး ခြင်း ကိုခံရပြီး

ခံထွင်း ပေါက်၊ နှာထွင်း ပေါက် မှပြင်ပသို့ထွက်ခိုက်ဖြစ်

သောအသံကိုဗျည်း သံဟု ခေါ်သည်။

၇။ ဗျည်း သံဖြစ်ရန်အဓိကအချက် (၃) ချက်လိုအပ်သည်။

ထို (၃) ချက်မှာ -

(က) အဆုတ်မှတက်လာ သော လေသည်ခံထွင်း သို့ ရောက်ရှိခြင်း

(ခ) အဆိုပါ လေသည်စကား သံဖြစ်အင်္ဂါအစိတ်အပိုင်း တစ်ခုခု၏ ပိတ်ဆို့တား ဆီး မှုကိုခံရခြင်း

(ဂ) စကား သံဖြစ်အင်္ဂါအစိတ်အပိုင်း တစ်ခုခု၏ ပိတ်ဆို့တား ဆီး မှုကိုခံရ သော လေသည်ခံထွင်း ပေါက်မှဖြစ်စေ၊ နှာထွင်း ပေါက်မှဖြစ်စေပြင်ပသို့ထွက်သွား ခြင်း တို့ ဖြစ်ကြသည်။

၈။ ဗျည်း သံဖြစ်ပုံ။ ။အဆုတ်မှတက်လာ သော လေခံထွင်း ၌ရှိနေခိုက် အပေါ် နှုတ်ခမ်း နှင့် အောက်နှုတ်ခမ်း ကိုစေ့ထား ပြီး ရုတ်တ ရက်ဖွင့်လိုက် သောအခါထို လေသည်နှုတ်ခမ်း နှစ်ခုကြား မှရုန်း

ထွက်သွားပြီး (ဝ်) မျည်းသံဖြစ်လာသည်။

(ဖ်) မျည်းသံ၊ (ဗ်) မျည်းသံတို့လည်း ဤနည်းအတိုင်း ဖြစ်လာသည်။

၉။ အဆုတ်မှတက်လာသော လေခံထွင်း ၌ရှိနေခိုက်လျှာထိပ်များ တို့အပေါ်သွား၏ နောက်ခံ၌အသာထောက်ထားပြီး ရုတ်တရက် ဆန့်ထုတ်လိုက်သောအခါထို လေသည်လျှာထိပ်နှင့်သွား နောက်ကြား မှတိုး ထွက်သွားပြီး (တ်) မျည်းသံဖြစ်လာသည်။

(ထ်) မျည်းသံ၊ (ဒ်) မျည်းသံတို့လည်း ဤနည်းအတိုင်း ဖြစ်လာသည်။

၁၀။ အဆုတ်မှတက်လာသော လေခံထွင်း ၌ရှိနေခိုက်လျှာထိပ်များ တို့အပေါ်သွား နှင့်အောက်သွား နှစ်ခုကြား ၌အသာသွပ်ထား ပြီး ရုတ်တရက်ပြန်ခွာလိုက် သောအခါထို လေသည်လျှာများ နှင့်သွား ကြား မှတိုး ထွက်သွားပြီး (သ်) မျည်းသံဖြစ်လာသည်။

၁၁။ အဆုတ်မှတက်လာသော လေခံထွင်း ၌ရှိနေခိုက်လျှာအလယ်ပိုင်း ကိုအာခေါင်၏အလယ်ပိုင်း နှင့်ထိအောင်လျှာကိုအပေါ်ဘက်သို့မြှင့် တင်လိုက်ပြီး ရုတ်တရက်ပြန်ခွာလိုက် သောအခါထို လေသည်လျှာ လယ်နှင့်အာခေါင်ကြား မှတိုး ထွက်သွားပြီး (တ်) မျည်းသံဖြစ် လာသည်။

(ခ) ဗျည်း သံ၊ (ဂ) ဗျည်း သံတို့လည်း ဤနည်း အတိုင်း ဖြစ်လာသည်။

၁၂။ ဤကား မြန်မာ ဗျည်း အချို့၏အသံထွက်ပုံတည်း ။ ဗျည်း တို့၏ အသံထွက်ပုံအကျယ်ကိုမြန်မာသဒ္ဒါ၊ အတွဲ (၂)၊ အခန်း (၆) ဌာန်၊ ကရိုဏ်း ၊ ပယတ်အကြောင်း၌ ဖော်ပြခဲ့ပြီ။

၁၃။ ဗျည်း အရေအတွက်။ ။မြန်မာဗျည်း အရေအတွက်ကို အချို့က (၁၃) လုံး ဟုလည်း ကောင်း၊ အချို့က (၃၄) လုံး ဟုလည်း ကောင်း၊ အချို့က (၃၅) လုံး ဟုလည်း ကောင်း သတ်မှတ်ကြသည်။ ဤသတ်မှတ်ချက်နှင့်ပတ်သက်၍အကျဉ်းမျှ ဖော်ပြမည်။

၁၄။ ပါဠိဘာသာ ရေး ရိုး ရေး စဉ်အတိုင်း ရေး မှတ်လိုသူတို့က "က . . .ဠ" အဆုံး ထွင်အအက္ခရာထက်၌ နိဂ္ဂဟိတ်တင်သော (အံ) ကိုဖြည့်၍ "က . . .ဠ၊ အံ" ဟူ၍ ဗျည်း (၃၃) လုံး သတ်မှတ်ကြသည်။

၁၅။ မြန်မာမှုအတိုင်း ရေး မှတ်လိုသူတို့က"အ"ကိုသင်ရိုး ဗျည်း အဖြင့်ထား၍ "က . . .ဠ၊ အ" ဟူ၍ ဗျည်း (၃၃) လုံး သတ်မှတ်ကြသည်။

၁၆။ ရေး ပညာရှင်အချို့က ဗျည်း (၃၃) လုံး ထွင်ဝိသဇ္ဇနီ (း)

ကိုဖြည့်၍ "က . . . ဠ၊ အံ၊ အား "ဟူ၍ ဗျည်း (၃၄) လုံး သတ်မှတ်ကြသည်။

၁၇။ ရှေး ပညာရှင်အချို့က မူ အောက်မြစ် (-့) ကို ပါထည့်သွင်း၍ "က . . ဠ၊ အံ၊ အံ့၊ အား "ဟူ၍ ဗျည်း (၃၅) လုံး သတ်မှတ်ကြသည်။

၁၈။ (အ) သည် ဗျည်း ၊ သရ နှစ်မျိုး စလုံး၌ ပါဝင်နေပုံ။ မြန်မာ ဗျည်း (၃၃) လုံး တွင် နောက်ဆုံး ဗျည်း သည်အံဖြစ်သင့်သည်၊ အဖြစ်သင့်သည်ဟု အယူအဆ နှစ်မျိုး ရှိကြောင်း အထက်၌ ဖော်ပြခဲ့ပြီ။ ယင်း အယူအဆ နှစ်မျိုး နှင့် စပ်လျဉ်း၍ အကျဉ်း ရှင်းလင်း ဖော်ပြမည်။

၁၉။ နောက်ဆုံး ဗျည်း သည်အံဖြစ်သင့်သည်ဟု သော အယူအဆမှာ –

"ပါဠိဘာသာ၌က . . ဠ၊ အံဟူ၍သာ ရှိသည်၊ အဟူ မရှိ။ အသည် ငင်စစ် ဗျည်း မဟုတ်၊ သရသာ ဖြစ်သည်။ မြန်မာ ဗျည်း အက္ခရာ တို့ကို ပါဠိဘာသာ ရေး ရိုး အတိုင်း သာ ရေး သင့်သည်"

ဟူ သောအ ကြောင်း ပြချက်ကိုအ ခြေခံသည် (မှတ်ချက်။ ။ အံ ဟူရာ၌ နိဂ္ဂဟိတ် (ံ) ကိုသာ ဗျည်း ဟုယူသည်။ သို့သော် (ံ) ဗျည်း

သက်သက်အသံထွက်မရ၍ အသံထွက်ရစေခြင်းငှာ အခြား ဗျည်း များကို အသံထွက်စေသည့်နည်းတူ အသရနှင့်ယှဉ်၍ အံ့ဟုပြုသည်။ )

၂၀။ နောက်ဆုံး ဗျည်း သည်အဖြစ်သင့်သည်ဟု သောအယူအဆမှာ -

"အသည် စစ်သရပင်ဖြစ်သည်။ သို့သော် ရှေး ရှေး ကာလ မြန်မာစာစတင်ရေး စကပင်အကို ဗျည်း သဖွယ်လည်း သဘောထား ပြီး အခြား ဗျည်း များ နည်း တူသရလက္ခဏာများ နှင့် တွဲ၍ အီ၊ အို စသည်ဖြင့် ရေး လာခဲ့ကြသည်။ မြန်မာစာစတင် ရေး စကအကိုအခြား ဗျည်း များ ကဲ့သို့အသတ်တစ် ခုအဖြစ် ရေး ခဲ့ ကြသည်။ (သာဓက၊ ၊ ပ္လအ်၊ သုံခ္အ်၊ ဇေိအ်၊ ဇအ်စသည်) အောက်မြစ်သကော်က ( ၊ ) ကို ရှေး ပညာရှိအချို့က ဗျည်း တစ်လုံး အဖြစ်ယူဆခဲ့ကြသည်။ အောက်မြစ်သကော်တ၏ မူလရင်း မြစ်မှာ အပင်ဖြစ်သည်။ (သာဓက၊ ၊ နှအ် နှင့်)။ ဤသို့အကို ဗျည်း အဖြစ်သုံး သည့်သာဓကများ ရှိခဲ့သည်။ အကိုသင်ပုံး ဗျည်း အဖြစ် ရောသရအဖြစ်ပါထား ခြင်း သည်မြန်မာ့လိုအပ်ချက်၊ မြန်မာ မှုအရဖြစ်သည်။ "

ဟု သောအကြောင်း များ ကိုအခြေခံသည်။

၂၁။ ဗျည်းအမည်များ ။ ။မြန်မာဗျည်း (၃၃)လုံး ကို၎င်းတို့၏ ပုံသဏ္ဌာန်၊ အခြင်းအရာအလိုက်အမည်အသီးသီး ပေးကြသည်။ အမည်အချို့မှာ —

(က) လုံးချင်းဗျည်း 单辅音

(ခ) ဗျည်းတွဲ 复辅音

(ဂ) ဝဂ်ဗျည်း

(ဃ) အဝဂ်ဗျည်း

(င) ဝဂ္ဂန္တဗျည်း 鼻辅音

(စ) အဃောသဗျည်း 清辅音

(ဆ) ဃောသဗျည်း 浊辅音

(ဇ) သိထိလဗျည်း 不送气辅音

(ဈ) ဓနိတဗျည်း 送气辅音

(ည) အသက်ဗျည်း တို့ဖြစ်ကြသည်။

၂၂။ လုံးချင်းဗျည်း ။ ။ယပင့်၊ ရရစ်၊ ဝဆွဲ၊ ဟထိုး သင်္ကေတများ မယှဉ်တွဲဘဲ သော ကအစ အအဆုံး (၃၃)လုံး သော မူလဗျည်းတို့ကိုလုံးချင်းဗျည်းဟုခေါ်သည်။

၂၃။ ဗျည်းတွဲ ။ ။က၊ ခ စသည့်လုံးချင်းဗျည်းတို့နှင့်ယပင့်၊

ရရစ်၊ ဝဆွဲ၊ ဟထိုး သင်္ကေတအက္ခရာများ ယှဉ်တွဲထားသော ဗျည်း
တွဲဟု ခေါ်သည်။

| သာဓက။ | ။ မူလဗျည်း | သင်္ကေတများ | ဗျည်းတွဲ |
|---|---|---|---|
| က | –ျ (ယပင့်) | | ကျ |
| | က | ြ (ရရစ်) | ကြ |
| | လ | ွ (ဝဆွဲ) | လွ |
| | လ | ှ (ဟထိုး) | လှ |
| | ခ | –ျ (ယပင့်) + ွ (ဝဆွဲ) | ချွ |
| | ခ | ြ (ရရစ်) + ွ (ဝဆွဲ) | ခြွ |
| | လ | ျ (ယပင့်) + ှ (ဟထိုး) | လျှ |
| | င | ြ (ရရစ်) + ှ (ဟထိုး) | ငြှ |
| | ရ | ွ (ဝဆွဲ) + ှ (ဟထိုး) | ရွှ |
| | မ | ြ (ရရစ်) + ွ (ဝဆွဲ) + ှ (ဟထိုး) | မြွှ |

၂၄။ ဝဂ်ဗျည်း ။ ။ အသံဖြစ်ရာ နေရာ (ဌာန်) တူရာတူရာအစု (၅) စုဖွဲ့၍ ရွတ်ဆိုရသော ဗျည်း (၂၆) လုံးကို ဝဂ်ဗျည်း ဟု ခေါ်သည်။

| ဝဂ်အမည် | ဗျည်း | | | | |
|---|---|---|---|---|---|
| ကဝဂ် | က | ခ | ဂ | ဃ | င |
| စဝဂ် | စ | ဆ | ဇ | ဈ | ည |
| ဋဝဂ် | ဋ | ဌ | ဍ | ဎ | ဏ |
| တဝဂ် | တ | ထ | ဒ | ဓ | န |
| ပဝဂ် | ပ | ဖ | ဗ | ဘ | မ |

၂၅။ အဝဂ်ဗျည်း ။ ။ အသံဖြစ်ရာ နေရာ ( ဌာန် ) မတူသဖြင့် အစုမဖွဲ့ဘဲတစ်လုံး ချင်း သီး ခြား ရွတ်ဆိုရသော ဗျည်း ( ၈ ) လုံး တို့ကိုအဝဂ်ဗျည်း ဟု ခေါ်သည်။

ယ၊ ရ၊ လ၊ ဝ၊ သ၊ ဟ၊ ဠ၊ အ

၂၆။ ဝဂ္ဂန္တဗျည်း ။ ။ ဝဂ်ဗျည်း ( ၅ ) လုံး အစုတစ်ခုစီ၏အဆုံး၌ရှိသော ဗျည်း ( ၅ ) လုံး တို့ကိုဝဂ္ဂန္တဗျည်း ဟု ခေါ်သည်။

င၊ ည၊ ဏ၊ န၊ မ။

၂၇။ အဃောသဗျည်း ။ ။ ပင်ကိုအား ဖြင့်မပြင်း သောအသံရှိ၍ ရွတ်ဆို သောအခါအသံညင်း ညင်း ထွက်သည့်ဗျည်း တို့ကိုအဃောသ ( သံညင်း ) ဗျည်း ဟု ခေါ်သည်။

အဃောသဗျည်း ( ၁၂ ) လုံး ရှိသည်။ ၎င်း တို့မှာ -

ပထမအက္ခရာ ( ၅ ) လုံး ( က၊ စ၊ ဋ၊ တ၊ ပ )

ဒုတိယအက္ခရာ ( ၅ ) လုံး ( ခ၊ ဆ၊ ဌ၊ ထ၊ ဖ )

အဝဂ်အက္ခရာ ( ၂ ) လုံး ( သ၊ ဟ ) တို့ဖြစ်ကြသည်။

၂၀။ ဃောသဗျည်း ။ ။ ပင်ကိုအားဖြင့်ပြင်း သောအသံရှိ၍ ရွတ်ဆိုသောအခါအသံပြင်းပြင်း ထွက်သည့်ဗျည်း တို့ကို ဃောသ ( သံပြင်း ) ဗျည်း ဟုခေါ်သည်။

ဃောသဗျည်း အလုံး ( ၂၀ ) ရှိသည်။ ၎င်း တို့မှာ–

တတိယအက္ခရာ ( ၅ ) လုံး ( ဂ၊ ဇ၊ ဍ၊ ဒ၊ ဗ )

စတုတ္ထအက္ခရာ ( ၅ ) လုံး ( ဃ၊ ဈ၊ ဎ၊ ဓ၊ ဘ )

ပဉ္စမအက္ခရာ ( ၅ ) လုံး ( င၊ ည၊ ဏ၊ န၊ မ )

အဝဂ်အက္ခရာ ( ၅ ) လုံး ( ယ၊ ရ၊ လ၊ ဝ၊ ဠ ) တို့ဖြစ်ကြသည်။

၂၉။ သိထိလဗျည်း ။ ။ အင်အား မှား မှား မစိုက်ထုတ်ဘဲအသံလျော့လျော့ရွတ်ဆိုအပ် သောဗျည်း တို့ကိုသိထိလ ( သံလျော့ ) ဗျည်း ဟုခေါ်သည်။

သိထိလဗျည်း အလုံး ( ၂၀ ) ရှိသည်။ ၎င်း တို့မှာ–

ပထမအက္ခရာ ( ၅ ) လုံး ( က၊ စ၊ ဋ၊ တ၊ ပ )

တတိယအက္ခရာ ( ၅ ) လုံး ( ဂ၊ ဇ၊ ဍ၊ ဒ၊ ဗ )

စတုတ္ထအက္ခရာ ( ၅ ) လုံး ( ဃ ၊ ဈ ၊ ဎ ၊ ဓ ၊ ဘ )

ပဉ္စမအက္ခရာ ( ၅ ) လုံး ( င ၊ ည ၊ ဏ ၊ န ၊ မ ) တို့ဖြစ်ကြသည်။

၃၀။ ဓနိတဗျည်း ။ ။ အင်အား စိုက်ထုတ်၍အသံတင်း တင်း ရွတ်ဆိုအပ်သော ဗျည်း တို့ကိုဓနိတ ( သံတင်း ) ဗျည်း ဟု ခေါ်သည်။

ဓနိတဗျည်း ( ၅ ) လုံး ရှိသည်။ ၎င်း တို့မှာ –

ဒုတိယအက္ခရာ ( ၅ ) လုံး ( ခ ၊ ဆ ၊ ဌ ၊ ထ ၊ ဖ ) တို့ဖြစ်ကြသည်။

ဝဂ်ဗျည်း များ

| သံညှင်း ( အဃောသ ) | | သံပြင်း ( ဃောသ ) | | |
|---|---|---|---|---|
| သံလျော့ ( သိထိလ ) | သံတင်း ( ဓနိတ ) | သံလျော့ ( သိထိလ ) | သံလျော့ ( သိထိလ ) | သံလျော့ ( သိထိလ ) |
| ၁ | ၂ | ၃ | ၄ | ၅ |
| က | ခ | ဂ | ဃ | င |
| စ | ဆ | ဇ | ဈ | ည |
| ဋ | ဌ | ဍ | ဎ | ဏ |
| တ | ထ | ဒ | ဓ | န |
| ပ | ဖ | ဗ | ဘ | မ |

| သံပြင်း ( ဃောသ ) | | | | | သံသြင်း ( အဃောသ ) | |
|---|---|---|---|---|---|---|
| ယ | ရ | လ | ဝ | ဠ | သ | ဟ |

၃၁။ အသတ်ဗျည်း ။ ။ သံရပ်ကို ဖော်ပြနိုင်သော အသတ်ဗျည်း (၄) မျိုး (က်၊ စ်၊ တ်၊ ပ်)၊ နှာသံကို ဖော်ပြနိုင်သော အသတ်ဗျည်း (၄) မျိုး (င်၊ ဉ်၊ န်၊ မ်) နှင့် မူလသံရှည်ကို ဖော်ပြနိုင်သော အသတ်ဗျည်း (၂) မျိုး (ည်၊ ယ်) စုစုပေါင်း အသတ်ဗျည်း (၁၀) မျိုး ရှိသည်။

သာဓက။ ။

| သရ | | အသတ်ဗျည်း | သံရပ်သရ |
|---|---|---|---|
| အ | + | က် | အက် |
| အ | + | စ် | အစ် |
| အ | + | တ် | အတ် |
| အ | + | ပ် | အပ် |



此为试读，需要完整PDF请访问： www.ertongbook.com